၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
(ပြည်ထောင်စုမြန်မာနိုင်ငံ)
THE 88 GENERATION STUDENT YOUTHS
(UNION OF MYANMAR)
တိုက်–အက်ဖ်၊ အခန်း–၃၀၁၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၅၆၅၅၄

# ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၂၀၁၀ ပြည့်နှစ်၊ ဧပြီလ

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
# (ပြည်ထောင်စုမြန်မာနိုင်ငံ)
## THE 88 GENERATION STUDENT YOUTHS
## (UNION OF MYANMAR)

တိုက်–အက်ဖ်၊ အခန်း–၃၀၁၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၅၆၅၅၄

# ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | နိဒါန်း | ၃ |
| ၂။ | အခန်း (၁) | ပါတီအမည် | ၆ |
| ၃။ | အခန်း (၂) | အဓိဋ္ဌာန် | ၆ |
| ၄။ | အခန်း (၃) | ပါတီမူဝါဒသဘောထား | ၆ |
| ၅။ | အခန်း (၄) | ရည်ရွယ်ချက် | ၈ |
| ၆။ | အခန်း (၅) | လုပ်ငန်းစဉ် | ၈ |
| ၇။ | အခန်း (၆) | အခြေခံမူ | ၉ |
| ၈။ | အခန်း (၇) | ကတိသစ္စာ | ၉ |
| ၉။ | အခန်း (၈) | ပါတီဝင်များ၏ကျင့်ဝတ် | ၁၀ |
| ၁၀။ | အခန်း (၉) | တာဝန်ဝတ္တရားများ | ၁၀ |
| ၁၁။ | အခန်း(၁၀) | ပါတီဝင်အဖြစ်လက်ခံခြင်း၊ ပါတီဝင်အဖြစ်မှရုပ်စဲခြင်းနှင့် ပါတီတာဝန်မှရုပ်စဲခြင်း | ၁၀ |
| ၁၂။ | အခန်း(၁၁) | ပါတီဖွဲ့စည်းတည်ဆောက်ပုံ | ၁၃ |
| ၁၃။ | အခန်း(၁၂) | ပါတီရေးရာလုပ်ငန်းစဉ်များ | ၁၅ |
| ၁၄။ | အခန်း(၁၃) | ခေါင်းဆောင်မှု | ၁၆ |
| ၁၅။ | အခန်း(၁၄) | ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာညီလာခံကော်မတီ | ၁၇ |
| ၁၆။ | အခန်း(၁၅) | တာဝန်ပေးအပ်ခြင်းနှင့်ရွေးကောက်တင်မြှောက်ခြင်း | ၁၈ |
| ၁၇။ | အခန်း(၁၆) | အစည်းအဝေးများ | ၁၈ |
| ၁၈။ | အခန်း(၁၇) | ရုံးလုပ်ငန်း | ၁၉ |
| ၁၉။ | အခန်း(၁၈) | ပါတီရန်ပုံငွေ | ၂၀ |
| ၂၀။ | အခန်း(၁၉) | ပါတီစည်းကမ်းထိန်းသိမ်းရေးနှင့်ပါတီလုပ်ငန်းစစ်ဆေးရေး | ၂၀ |
| ၂၁။ | အခန်း(၂၀) | စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း | ၂၁ |
| ၂၂။ | အခန်း(၂၁) | ပါတီအလံ၊ တံဆိပ်၊ ဆိုင်းဘုတ်နှင့် ဗဟိုကော်မတီဌာနချုပ်တည်နေရာ | ၂၁ |
| ၂၃။ | အခန်း(၂၂) | ပါတီဆောင်ပုဒ် | ၂၂ |
| ၂၄။ | အခန်း(၂၃) | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ခြင်း | ၂၂ |
| ၂၅။ | အခန်း(၂၄) | အထွေထွေ | ၂၃ |
| ၂၆။ | | နောက်ဆက်တွဲ | ၂၄ |

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
(ပြည်ထောင်စုမြန်မာနိုင်ငံ)
တိုက်–အက်ဖ်၊ အခန်း–၃၀၁၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၅၆၅၅၄

# ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

## နိဒါန်း

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်သို့ နှစ်ပေါင်း(၁၀၀)ကျော် သူ့ကျွန်ဘဝအဖြစ် ကျရောက်သွားခဲ့ရပြီး သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအလီလီကို ဆင်နွှဲခဲ့ကြရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်သော ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်၍ လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သည့် တပ်မတော်မှ ပါလီမန်ဒီမိုကရေစီအစိုးရကို ဖြုတ်ချခဲ့ပြီး တော်လှန်ရေးအစိုးရကို ဖွဲ့စည်းထူထောင်ခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။

၁၉၈၈ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့၏ လက်ချက်ဖြင့် စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကွယ်လွန်ခဲ့သည်။ ယင်းကိစ္စကို အကြောင်းပြု၍ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားအရေးတော်ပုံ စတင်ဖြစ်ပွားကာ ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးရှိ တက္ကသိုလ် ကောလိပ်သိပ္ပံအသီးသီးသို့ ပျံ့နှံ့သွားခဲ့ပြီး ပြည်သူလူထု ပါဝင်လာကာ မတ်လအရေးတော်ပုံ ဖြစ်ပွားခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် မတ်လအရေးတော်ပုံနှင့်ပတ်သက်၍ ရန်ကုန်စက်မှုတက္ကသိုလ် အပါအဝင် အခြားသော တက္ကသိုလ် ကောလိပ် သိပ္ပံအသီးသီးမှ အထိန်းသိမ်းခံကျောင်းသား ၁၄၁ ဦးနှင့် ပတ်သက်၍ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးနောက် သတင်းထုတ်ပြန်ကြေညာသည်။

ထိုသတင်းနှင့်ပတ်သက်၍ တုံ့ပြန်သည့်အနေဖြင့် အထိန်းသိမ်းခံကျောင်းသား ၁၄၁ ဦးအား ပြန်လွှတ်ပေးရေး တောင်းဆိုမှုများပြုလုပ်ကာ ဇွန်လတွင် ရန်ကုန်စက်မှုတက္ကသိုလ် အပါအဝင် အခြားသော တက္ကသိုလ် ကောလိပ် သိပ္ပံအသီးသီးမှ ကျောင်းသားများ၊ မန္တလေးရှိ တက္ကသိုလ် ကောလိပ် သိပ္ပံအသီးသီးမှကျောင်းသားများ ပါဝင်သော ကျောင်းသားအရေးတော်ပုံများ ဖြစ်ပေါ်ခဲ့ပြီးနောက် ရန်ကုန်နှင့် မန္တလေးမြို့ကြီး နှစ်မြို့တွင် အခြေခံပညာကျောင်းသားများအပါအဝင် ပြည်သူလူထုကြီး ပါဝင်လာသော ဇွန်လကျောင်းသားအရေးတော်ပုံ ဖြစ်ပွားခဲ့သည်။

ဇွန်လကျောင်းသားအရေးတော်ပုံနှင့် ဇွန်လပြည်သူလူထုအရေးတော်ပုံတို့ကြောင့် အထိန်းသိမ်းခံကျောင်းသား ၁၄၁ ဦးကို ဇူလိုင် ၇ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့ရသည်။ ထိုဖြစ်စဉ်များနှင့်ပတ်သက်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတ ဦးစန်းယု အပါအဝင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေါင်းဆောင်များ ရာထူးများမှ ထွက်ပေးခဲ့ရပြီး ပါတီဥက္ကဋ္ဌတာဝန်နှင့် သမ္မတတာဝန်ကိုပါ ဦးစိန်လွင်မှ ဆက်ခံခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်း တာဝန်မှ နုတ်ထွက်ခြင်းမပြုမီ မြန်မာနိုင်ငံအနေဖြင့် တစ်ပါတီစနစ်ကို နှစ်သက်သလား၊ ပါတီစုံကို နှစ်သက်သလား လူထုဆန္ဒခံယူပွဲ ကျင်းပ၍ ဆုံးဖြတ်ကြရန် လမ်းညွှန်တိုက်

တွန်းခဲ့သော်လည်း အသစ်တက်လာသော နိုင်ငံတော်သမ္မတ ဦးစိန်လွင်မှ ပယ်ချခဲ့ပြီး ဆန္ဒခံယူပွဲ မပြုလုပ်တော့ဘဲ တစ်ပါတီစနစ်ကိုသာ ဆက်လက်ကျင့်သုံးသွားရန် ဆုံးဖြတ်ခဲ့သည်။

သမ္မတသစ် ဦးစိန်လွင်၏ တုံ့ပြန်ချက်အပေါ် ပြန်လည်လွတ်မြောက်လာသော မတ်လအထိန်းသိမ်းခံ ကျောင်းသား ၁၄၁ ဦးနှင့် ဖွန်လအရေးတော်ပုံကျောင်းသားခေါင်းဆောင်များ ပူးပေါင်း၍ တစ်ပါတီစနစ်ဖြင့် ဆက်သွားရေး ဆုံးဖြတ်ချက်အပေါ် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်သည့် အရေးတော်ပုံကြီးဖြင့် ဆန့်ကျင်ပြသရန် ၈.၈.၈၈ အရေးတော်ပုံကြီးကို ဆင်နွှဲခဲ့ကြသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးကို ဦးစိန်လွင်၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက စစ်အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ပြီး အပြင်းအထန် တားဆီးနေသည့်ကြားမှ ပြည်သူလူထုကြီးက တစ်ခဲနက် ပူးပေါင်းပါဝင်လာကာ ပြည်သူ့အရေးတော်ပုံကြီးအဖြစ်သို့ တမဟုတ်ချင်း ပြောင်းလဲရောက်ရှိသွားခဲ့သည်။ သမ္မတ ဦးစိန်လွင်သည်လည်း သမ္မတသက်တမ်း နှစ်ပတ်ကျော်ကျော်သာ နေလိုက်ရပြီး ရာထူးမှ ဆင်းပေးခဲ့ရကာ ဒေါက်တာမောင်မောင် သမ္မတ ဖြစ်လာသည်။

သမ္မတဒေါက်တာမောင်မောင်သည် ဦးစိန်လွင်၏ လက်ထက်တွင် ထုတ်ပြန်ခဲ့သော စစ်အုပ်ချုပ်ရေးအမိန့်ကို ရုပ်သိမ်းလိုက်ပြီး ဒီမိုကရေစီတောင်းဆိုလှုပ်ရှားမှုများကို လွတ်လပ်ခွင့်ပေးခဲ့သည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် တစ်ပါတီစနစ်ကျင့်သုံးခြင်းနှင့် ဗဟိုက ချုပ်ကိုင်သည့် စီမံကိန်းစီးပွားရေးစနစ်တို့ကို ပယ်ဖျက်လိုက်သည်။ ပြည်သူ့လွှတ်တော်ကလည်း ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်နှင့်အတူ နိုင်ငံရေးပါတီများ ထူထောင်ခွင့်ပေးပြီး ၃ လအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

သို့ရာတွင် ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ ၃ ဦးက ဒေါက်တာမောင်မောင်၏ အဆိုပြုကမ်းလှမ်းချက်များကို ပယ်ချခဲ့ပြီး ကြားဖြတ်အစိုးရကို ဖွဲ့စည်းပေးရန်နှင့် အာဏာလွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။ ထို့အတူ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် စစ်အာဏာသိမ်းမှုကြောင့် ပြုတ်ကျသွားခဲ့ရသော ပါလီမန်ဒီမိုကရေစီအစိုးရ၏ ဝန်ကြီးချုပ်ဟောင်း ဦးနုကလည်း စင်ပြိုင်အစိုးရ ဖွဲ့စည်းထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြင့် သမ္မတဒေါက်တာမောင်မောင်၏ အဆိုပြုချက်ကို ပယ်ချခဲ့သည်။

ထို့အပြင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်အချိန်မှစ၍ တောခိုသွားခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)ကလည်း တက္ကသိုလ်ကျောင်းသားအချို့ကို မြေအောက်ကျောင်းသားသမဂ္ဂ(ဗကသ)အမည်ဖြင့် မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန် အစရှိသည့် ကျောင်းသားများကို သဘောတရားရေးနှင့် ဝါဒရေးရာသင်တန်း များကို ပို့ချသင်ကြားပေးခဲ့သည်။ ၂၈.၈.၁၉၈၈ ရက်နေ့တွင် မတ်လအထိန်းသိမ်းခံကျောင်းသား ၁၄၁ ယောက်အုပ်စု(One-Four-One Group)၏ ဦးဆောင်မှုဖြင့် ကျောင်းသားညီလာခံ ကျင်းပရန် ပြင်ဆင်ထားသော ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦးဟောင်း တည်ရှိရာ မြေကွက်လပ်တွင် ခင်းကျင်းပြင်ဆင်ထားသော ညီလာခံ စင်မြင့်ကို ဗမာပြည်ကွန်မြူနစ်ပါတီ၏ လမ်းညွှန်ချက်ဖြင့် ၎င်းတို့၏ တပည့်များက သိမ်းပိုက်လိုက်ကြပြီး ကျောင်းသား သမဂ္ဂ(ဗကသ)ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

ထိုနေ့က မတ်လအထိန်းသိမ်းခံကျောင်းသား ၁၄၁ ယောက် ဦးဆောင်သော ရန်ကုန်ရှိ တက္ကသိုလ် ကောလိပ် သိပ္ပံ ကျောင်းအသီးသီးမှ ကျောင်းသားခေါင်းဆောင်များက ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးနှင့် ဒေါက်တာမောင်မောင်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်နှင့်အတူ ၃ လအတွင်း ရွေးကောက်ပွဲကျင်းပရေး သဘောထား၊ အောင်စုတင်၏ ကြားဖြတ်အစိုးရဖွဲ့စည်းရေးသဘောထားနှင့် ဦးနု၏ စင်ပြိုင်အစိုးရထူထောင်ခြင်း သဘောထား တို့အပေါ် စနစ်တကျ တုံ့ပြန်နိုင်ရေးအတွက် ကျောင်းသားညီလာခံကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တက္ကသိုလ် အလေး မခန်းမတွင် ကျင်းပပြုလုပ်နေကြစဉ် ဗမာပြည်ကွန်မြူနစ်ပါတီက ကျော ထောက်နောက် ခံပေးထားသော မင်းကိုနိုင် ဦးဆောင်သည့် ကျောင်းသားသမဂ္ဂကို စင်မြင့်ပေါ်တွင် တစ်ဖက်သတ် ကြေညာခဲ့ခြင်း ဖြစ်သည်။ ကျင်းပရန်စီစဉ်နေသော ပထမအကြိမ် ကျောင်းသားညီလာခံသည် လမ်းလွဲသွားခဲ့ရသော်လည်း မတ်လ

အထိန်းသိမ်းခံကျောင်းသား ၁၄၁ ယောက် ဦးဆောင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂပြန်လည်ဖွဲ့စည်းရေးကော်မတီကို ထူထောင်ကြောင်း ကြေညာနိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကျောင်းသားလူငယ်များ ခေါင်းဆောင်သည့် ပြည်သူလူထု ပါဝင်သော ဆန္ဒပြပွဲများတွင် တစ်ပါတီစနစ်နှင့် ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ် ဖျက်သိမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးရေး တောင်းဆိုချက်များကို သမ္မတ ဒေါက်တာမောင်မောင်နှင့် ပြည်သူ့လွှတ်တော်က လိုက်လျောလက်ခံပေးခဲ့သော်လည်း အောင်စုတင်၏ ကြားဖြတ်အစိုးရတောင်းဆိုရေးသဘောထား၊ ဦးနု၏ စင်ပြိုင်အစိုးရထူထောင်ခြင်းသဘောထား၊ ၄၈၂၈ တောခို ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏ လမ်းညွှန်မှုဝန်းရံမှုဖြင့် မင်းကိုနိုင် ကိုကိုကြီး မိုးသီးဇွန်တို့၏ ဗကသကြေညာခြင်း စသည့် လုပ်ဆောင်ချက်များသည် ပါတီစုံဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ပယ်ချလိုက်သည့် အကြောင်းတရားများပင်ဖြစ်သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို လွှဲပြောင်းရယူလိုက်ပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာကာ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ရွေးကောက်ခံရမှု ၈၂ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ဂန္ဓီခန်းမတွင် အစည်းအဝေး ကျင်းပကာ ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကို အစိုးရခေါင်းဆောင်တာဝန် ရယူနိုင်ရေးအမြင်ဖြင့် တစ်ဖက်သတ် လွှတ်တော်ခေါ်ပြီး ကြားဖြတ်ဖွဲ့စည်းပုံကို အတည်ပြုကာ အစိုးရဖွဲ့၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ထံမှ အာဏာအရပ်ရပ်ကို လွှဲပြောင်းရယူလိုကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဖြစ်စဉ်များသည် ၁၉၉၀ ပြည့် ရွေးကောက်ပွဲအပြီးတွင် ပါတီစုံဒီမိုကရေစီထူထောင်ရေးလမ်းကြောင်းကို သွေဖည်သွားစေခဲ့သော အကြောင်းတရားဖြစ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရက ကြားဖြတ်ဖွဲ့စည်းပုံကို အတည်ပြုနိုင်ရေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လမ်းကြောင်းကို ပယ်ချ၍ အမျိုးသားညီလာခံ ကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို ကျင်းပကာ လိုအပ်သော အခြေခံရမည့်မူများကို ချမှတ်နိုင်ရန် ဆောင်ရွက်ခဲ့သည်။ အမျိုးသားညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်တက်ရောက်ခဲ့ပြီး အခြေခံမူ ၁၀၄ ချက် ထွက်ပေါ်လာပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံမှ ထွက်ခွာသွားခဲ့သည်။

အမျိုးသားညီလာခံသည် ၈ နှစ်ခန့် ဆိုင်းငံ့သွားခဲ့ရပြီး ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပကာ ၂၀၀၇ ခုနှစ်တွင် အခြခံမူများ အပြီးသတ်ချမှတ်နိုင်ခဲ့ပြီး စက်တင်ဘာလ ၃ ရက်နေ့တွင် အမျိုးသားညီလာခံ ပြီးဆုံး၍ ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အပါအဝင် နိုင်ငံရေးပါတီများ ထူထောင်ခြင်း၊ ရွေးကောက်ပွဲ ကျင်းပခြင်းများနှင့် သက်ဆိုင်သော ဥပဒေများ ပေါ်ထွက်လာပြီး နိုင်ငံရေးပါတီများ ထူထောင်နိုင်ရန် စတင် ခွင့်ပြုခဲ့ရာ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ကို ပါတီတစ်ရပ်အဖြစ် ထူထောင်လိုကြောင်း မတ်လ ၂၂ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လျှောက်ထားခဲ့သည်။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)သည် ၁၉၈၈ ဒီမိုကရေစီရေးကို ဦးဆောင်ခဲ့ကြသည့် ကျောင်းသားခေါင်းဆောင်များ၏ ၂၂ နှစ်တာကာလ ဖြတ်သန်းခဲ့ရသော မြန်မာ့လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီရေးကြိုးပမ်းမှုသမိုင်းမှ ပေါက်ဖွားလာသော နိုင်ငံရေးပါတီတစ်ခု ဖြစ်သည်။ ၁၉၈၈ ခုနှစ် ဒေါက်တာမောင်

မောင်လက်ထက်၌လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်၌လည်းကောင်း လွဲချော်ခဲ့ရသည့် ဒီမိုကရေစီရရှိရေးလုပ်ငန်းစဉ်များကို မဆုတ်မနစ် ဆက်လက်ကြိုးပမ်း ဖော်ဆောင်လာခဲ့ပြီး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်ဖြင့် ကျင်းပပြုလုပ်ရန်ရှိသော ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူလူထုထောက်ခံမှုဖြင့် ပါတီစုံဒီမိုကရေစီကျင့်သုံးသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအဖွဲ့များ ဖြစ်ပေါ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

## အခန်း ( ၁ )
## ပါတီအမည်

၁။ ပါတီ၏ အမည်မှာ

"၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)

**THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR)"**

ဖြစ်သည်။

## အခန်း ( ၂ )
## အစီအစဉ်ခ်

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စစ်မှန်သည့် ပြည်ထောင်စုစနစ် ကျင့်သုံးခြင်း၊ လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာ ပိုင်စိုးမှုရှိခြင်းနှင့် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်း တည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးသည့် လူနေမှုဘဝကို ပိုင်ဆိုင်သော ခေတ်မီနိုင်ငံ ဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

## အခန်း ( ၃ )
## ပါတီမူဝါဒသဘောထား

၃။ နိုင်ငံတော်အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ရမည် ဟူသော မူကို အခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၄။ မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ လွတ်လပ်စွာ ထူထောင်ခွင့်ရှိပြီး တန်းတူရည်တူ ပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူကျင့်သုံးခွင့်ရှိသော စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံတော် ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၅။ လွပ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် နိုင်ငံသားတိုင်းက ကာယ၊ ဉာဏ၊ ဝိရိယစွမ်းအားအလျောက် တန်းတူရည်တူ အခွင့်အရေးရှိသည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၆။ အများစု၏ သဘောဆန္ဒကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏ ဆန္ဒသဘောထားကို အများစုက တန်ဖိုးထား အသိအမှတ်ပြုခြင်း တည်းဟူသော စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ် အားကောင်းသည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၇။ ပြည့်အင်အားသည် ပြည်သူလူထု၏ လက်ဝယ်တွင် အစဉ်အမြဲရှိသည် ဟူသည့် ဆောင်ပုဒ်အတိုင်း လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်စိုးသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထာဝစဉ် ရပ်တည်နိုင်ရေးကို ဦးတည်သည်။

၈။ နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးကို လိုလားသော စိတ်ဓာတ်များ သက်ဝင်ရှင်သန်သော အမျိုးသားစိတ်ဓာတ် အားကောင်းသည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၉။ နိုင်ငံသားတိုင်း လိင်ကွဲပြားခြားနားမှုကြောင့် တန်းတူရည်တူအခွင့်အရေး ခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၀။ နိုင်ငံသားတိုင်း မင်းမဲ့စရိုက်ဖြင့် အကြမ်းဖက်ခံရခြင်းမှ လုံခြုံမှုအာမခံချက် ရရှိနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၁။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ တည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးရေးကို ရှေးရှု၍ နိုင်ငံသားတိုင်း စာတတ်မြောက်ပြီး ပညာရည်မြင့်မားသော လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၂။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးကို အာမခံချက် ပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်သော လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၃။ နိုင်ငံသားတိုင်း ပုဂ္ဂလိကစီးပွားရေးကို ပြည်တွင်းပြည်ပ နှစ်ဌာနလုံးတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသော စစ်မှန်သည့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသော လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၄။ လယ်ယာ၊ သားငါးနှင့် စက်မှုလက်မှုစသည့် ကုန်ထုတ်လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်သော လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၅။ နိုင်ငံသားအားလုံး၏ လူနေမှုအဆင့်အတန်းကို မြင့်မားလာစေပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာစေရေးကို ဦးတည်သည်။

၁၆။ နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၇။ နိုင်ငံသားတိုင်း ဥပဒေရှေ့မှောက်၌ တန်းတူရည်တူ အခွင့်အရေး ရှိစေရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၈။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ပရိယေသန ရှာဖွေစားသောက်နိုင်ပြီး၊ စားဝတ်နေရေး ပြေလည်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၁၉။ နိုင်ငံသားတိုင်း လွတ်လပ်စွာ အိမ်ရာထူထောင် အခြေချနေထိုင်ရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၂၀။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ကျင့်သုံးရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၂၁။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ဆန္ဒသဘောထား ထုတ်ဖော်ပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့် စသည့် ဒီမိုကရေစီအခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

၂၂။ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်၍ အဓိပ္ပါယ်ရှိပြီး အကျိုးရှိသော လက်တွေ့ကျသည့် ဆက်ဆံရေးစနစ် ကျင့်သုံးခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သည့် မြန်မာ့လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်သည်။

## အခန်း ( ၄ )
## ရည်ရွယ်ချက်

၂၃။ ပါတီသည်

(က) လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး

(ခ) ပြည်ထောင်စု မပြိုကွဲရေး

(ဂ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး

(ဃ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

(င) ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး

(စ) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေး

(ဆ) ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဒီမိုကရေစီရေးစိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံ ထူထောင်ရေး

(ဇ) ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ပြောင်းလဲရေးနည်းလမ်းဖြင့် ပြည်ထောင်စုအစိုးရ ဖွဲ့စည်း ထူထောင်ရေး စသည့် ရည်ရွယ်ချက်များ ထားရှိသည်။

## အခန်း ( ၅ )
## လုပ်ငန်းစဉ်

၂၄။ ပါတီသည် နိုင်ငံတော်က ကျင့်သုံးသော

(က) နိုင်ငံရေးစနစ်

(ခ) စီးပွားရေးစနစ်

(ဂ) စစ်ရေးနှင့် ကာကွယ်ရေးစနစ်

(ဃ) ဥပဒေပြုရေးစနစ်

(င) အုပ်ချုပ်ရေးစနစ်

(စ) တရားစီရင်ရေးစနစ်

(ဆ) လူထုဆက်ဆံရေး(မီဒီယာ)စနစ်

(ဇ) ပညာရေးစနစ်

(ဈ) ကျန်းမာရေးစောင့်ရှောက်မှုစနစ်

(ည) မြေယာစနစ်

(ဋ) ငွေကြေးစနစ်

(ဌ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်

(ဍ) သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးစနစ်

တို့ကို အစဉ်အမြဲ လွတ်လပ်စွာ ရှင်သန်တိုးတက်ခေတ်မီနေစေရန် စီမံဆောင်ရွက်မည်။

၂၅။ ပါတီသည် နိုင်ငံတော် ဖွံ့ဖြိုးရေးနှင့် ခေတ်မီရေးအတွက်

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

(ခ) ကုန်ထုတ်လုပ်မှုလုပ်ငန်း

(ဂ) စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း

(ဃ) ကုန်သွယ်မှုလုပ်ငန်း

(င) ဝန်ဆောင်မှုလုပ်ငန်း

(စ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်း

(ဆ) လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း

(ဇ) နိုင်ငံခြားခရီးသွားလုပ်ငန်း

(ဈ) ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း
တို့နှင့်ပတ်သက်၍ နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်မည်။

၂၆။ ပါတီသည် နိုင်ငံသားများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကို ရှေးရှု၍
(က) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ
(ခ) လူထုလူတန်းစားနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ
(ဂ) လူမှုရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ
(ဃ) ဘာသာရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ
(င) စီးပွားရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ
(စ) အားကစားနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ
တို့ကို လွတ်လပ်စွာ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်။

## အခန်း ( ၆ )
## အခြေခံမူ

၂၇။ ပါတီသည် နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်း မဖြစ်ပေါ်စေရန် အစဉ်အမြဲ သတိပြု ရှောင်ကြဉ်သည်။

၂၈။ ပါတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးနည်းလမ်းကို စောင့်ထိန်းလိုက်နာ ကျင့်သုံးသည်။

၂၉။ ပါတီသည် လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးသက်သက်ကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာ ကျင့်သုံးသည်။

၃၀။ ပါတီသည် တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ခြင်း၊ လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်း တည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက် ထာဝစဉ် ရှင်သန်လှုပ်ရှား သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာ ကျင့်သုံးသည်။

၃၁။ ပါတီသည် အများစု၏ ဆန္ဒသဘောထားကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏ ဆန္ဒသဘောထားကို အများစုက တန်ဖိုးထား အသိအမှတ်ပြုခြင်း တည်းဟူသော စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ်ကို အစဉ်အမြဲ စောင့်ထိန်းလိုက်နာ ကျင့်သုံးသည်။

၃၂။ ပါတီသည် နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီရေးရာကိစ္စများကို ဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံသားတိုင်း ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလျောက် တန်းတူရည်တူအခွင့်အရေးရှိသည့် လမ်းစဉ်ကို စောင့်ထိန်းလိုက်နာ ကျင့်သုံးသည်။

၃၃။ ပါတီ၏ သဘောထားဟူသမျှသည် ပါတီဝင်ထု၏ ဆန္ဒကို ထင်ဟပ်သည်။

## အခန်း ( ၇ )
## ကတိသစ္စာ

၃၄။ ကျွန်ုပ်တို့သည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျင့်သုံးသော ပြည်ထောင်စုစနစ်၊ အချုပ်အခြာပိုင်ဆိုင်

မှု၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့အပေါ် ထာဝစဉ် သစ္စာစောင့်သိ ရှိသေပါမည်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျင့်သုံးလျှက်ရှိသော တည်ဆဲဥပဒေများကို လေးစားလိုက်နာခြင်းဖြင့်သော်လည်းကောင်း၊ ပါတီက သတ်မှတ်ထားသော ပါတီဖွဲ့စည်းပုံစည်းမျဉ်းတွင်ပါရှိသည့် ပါတီဝင်တစ်ယောက်၏ ကျင့်ဝတ်နှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးခြင်းဖြင့်လည်းကောင်း နိုင်ငံတော်နှင့် ပါတီ၏ တာဝန်များကို ထမ်းဆောင်ပါမည်၊

(ဂ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် မိမိပါတီအတွင်းရှိ ပါတီဝင်များ၏ စည်းလုံးညီညွတ်ရေးတို့အတွက် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ပါမည်၊

(ဃ) ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး တည်းဟူသော အခြေခံအခွင့်အရေးများကို နိုင်ငံသားတိုင်း ပြည့်ပြည့်ဝဝ ရရှိရေးတို့အတွက် ပါတီ၏ ဦးဆောင်မှုကို ခံယူ၍ အစဉ်ကြိုးပမ်းဆောင်ရွက်ပါမည်

ဟု ကတိသစ္စာ ပြုပါသည်။

## အခန်း ( ၈ )
## ပါတီဝင်များ၏ကျင့်ဝတ်

၃၅။ ပါတီဝင်တိုင်းသည်

(က)/ နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပါတီအပေါ်တွင် သစ္စာရှိခြင်း

(ခ) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း

(ဂ) တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း

(ဃ) နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း

(င) အမျိုး ဘာသာ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို အားပေးမြှင့်တင် ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲ ထားရှိမွေးမြူခြင်း

(စ) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း

(ဆ) ဒီမိုကရေစီကျင့်စဉ်ကို သက်ဝင်ယုံကြည် လိုက်နာကျင့်သုံးခြင်း

တို့ကို ကျင့်ဝတ်အဖြစ် လေးစားစွာ လိုက်နာစောင့်ထိန်း ကျင့်သုံးသည်။

၃၆။ ပါတီဝင်တိုင်းသည်

(က) ပါတီဝင်အချင်းချင်း ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ လေးစားတန်ဖိုးထားမှု၊ သည်းခံခွင့်လွှတ်သဘောထားကြီးမှု အစရှိသည့် အထွေထွေသဟဇာတဖြစ်ရေးကို ရှေးရှုသော လုပ်ဖော်ကိုင်ဖက်စိတ် ထားရှိမွေးမြူခြင်း

(ခ) တည်ဆဲဥပဒေများနှင့် ပါတီ၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်ကြံနေထိုင်ခြင်း

(ဂ) ပါတီ၏ ဂုဏ်သိက္ခာ မညှိုးနွမ်းစေရန် ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲ ထားရှိမွေးမြူခြင်း

(ဃ) ပါတီ၏ မူဝါဒသဘောထား လုပ်ငန်းစဉ်များနှင့် ပါတီခေါင်းဆောင်များ၏အပေါ်၌ သက်ဝင်ယုံကြည်ခြင်း

(င) ပါတီမှ သတ်မှတ်ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း

တို့ကို ကျင့်ဝတ်အဖြစ် လေးစားစွာ လိုက်နာစောင့်ထိန်း ကျင့်သုံးသည်။

## အခန်း ( ၉ )

## တာဝန်ဝတ္တရားများ

၃၇။ ပါတီသည်

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို နိုင်ငံရေးအရ ကာကွယ်စောင့်ရှောက်ရန်

(ခ) တိုင်းရင်းသားလူမျိုးများ အချင်းချင်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်

(ဂ) အမျိုး ဘာသာ သာသနာ၏ အကျိုးကို အားပေးမြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်အဖြစ် ထူထောင်ရန်

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေသည့် တည်ငြိမ်ရင့်ကျက်မှုရှိသော နိုင်ငံရေးလှုပ်ရှားမှုများ အစဉ်အမြဲ ရှင်သန်စေရေးအတွက် ဆောင်ရွက်ရန်

(င) အမျိုးသားရေး၊ ဒီမိုကရေစီရေး စရိုက်လက္ခဏာများကို အခြေခံသည့် အတွေးခေါ် အယူအဆ သဘောထားအမြင်များ ရှင်သန်ပျံ့နှံ့လာစေရန်

(စ) မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် အစဉ်အလာကောင်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်

(ဆ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်သို့ ကျရောက်နိုင်သည့် နိုင်ငံရေးကြောင့် ဖြစ်ပေါ်သည့် ဘေးအန္တရာယ်ဆိုး အမျိုးမျိုးမှ တားဆီးကာကွယ် စောင့်ရှောက်ရန်

(ဇ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သို့ ကျရောက်သည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ တားဆီးကာကွယ် စောင့်ရှောက်ရန်

(ဈ) မြို့ပြနှင့် ကျေးလက်ဒေသများ လူနေမှုအဆင့်အတန်းကွာဟမှု နည်းပါးရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရန်

(ည) တောင်တန်းဒေသနှင့် မြေပြန့်ဒေသများတွင် ဖွံ့ဖြိုးမှု ကွာဟချက်မရှိစေရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရန်

(ဋ) နိုင်ငံသားအချင်းချင်း လူတန်းစားကွာဟမှုကို အကြောင်းပြု၍ လူနေမှုအဆင့်အတန်းကွာခြားခြင်း နည်းနိုင်သမျှ နည်းပါးစေရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရန်

(ဌ) နိုင်ငံသားများ၏ လူတန်းစားအလိုက် ဖြစ်ပေါ်နေသော အရေးကိစ္စများကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ကူညီစောင့်ရှောက်မှုပေးရန်

(ဍ) တပ်မတော်၊ ရဲတပ်ဖွဲ့အပါအဝင် နိုင်ငံတော်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား တတ်အားသရွေ့ အားပေးကူညီ စောင့်ရှာက်ရန်

(ဎ) ပြည်သူလူထု၏ စားဝတ်နေရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရန်

(ဏ) ပါတီဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများတွင် တက်ကြွစွာ ကူညီစောင့်ရှောက်မှုပေးရန်

တို့ကို ဆောင်ရွက်ရန် တာဝန်ဝတ္တရားများအဖြစ် သတ်မှတ်သည်။

## အခန်း ( ၁၀ )

## ပါတီဝင်အဖြစ်လက်ခံခြင်း၊ ပါတီဝင်အဖြစ်မှရပ်စဲခြင်းနှင့် ပါတီတာဝန်မှရပ်စဲခြင်း

၃၈။ ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကို ကိုင်ဆောင်ထားသူ (သို့မဟုတ်) ၎င်းမိဘနှစ်ပါးမှ မွေးဖွားလာသူ ဖြစ်ရမည်။

(ဂ) တစ်ပါတီစနစ်နှင့် တစ်ပါတီ ကြီးစိုးမှုကို မလိုလား၊ ပါတီစုံဒီမိုကရေစီစနစ်ကိုသာ လိုလားသည့် ''၈၈ စိတ်ဓာတ်''ရှိသူ ဖြစ်ရမည်။
(ဃ) ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဂိုဏ်းဂဏစွဲနှင့် ဝါဒစွဲ ကင်းသူ ဖြစ်ရမည်။
(င) သာသနာ့ဝန်ထမ်း မဟုတ်ရ။
(စ) စိတ်ပေါ့ပျက် ရူးသွပ်သူ မဖြစ်စေရ။
(ဆ) ထောင်ဒဏ်ကျခံနေရသူ မဖြစ်ရ။
(ဇ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည့် အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုနေသည့် အဖွဲ့အစည်းဝင် သို့မဟုတ် အားပေးကူညီနေသူ မဖြစ်ရ။
(ဈ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသော အလုပ်ကို လုပ်ကိုင်နေသူ မဖြစ်ရ။
(ည) လူမွဲအဖြစ် ကြေညာခံထားရသူ မဖြစ်ရ။
(ဋ) နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဖြစ်ရ။
(ဌ) ပါတီစည်းမျဉ်းစည်းကမ်းများနှင့် ပါတီကော်မတီအဆင့်ဆင့်မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လေးစားလိုက်နာနိုင်သူ ဖြစ်ရမည်။
(ဍ) ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများကို သတ်မှတ်သည့် ကာလအတွင်း ပေးသွင်းနိုင်သူ ဖြစ်ရမည်။

၃၉။ ပါတီသည် ပါတီမှ သတ်မှတ်ထားသော ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများက သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားလာပါက ပါတီဝင်အဖြစ် စနစ်တကျ လက်ခံဆောင်ရွက်သည်။

၄၀။ ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ညီညွတ်သည့် ပါတီဝင်အဆိုပြုလွှာကို ပါတီဝင်တစ်ဦး၏ စိစစ်ထောက်ခံချက်အပြင် သက်ဆိုင်ရာ စည်းရုံးရေးမှူးတစ်ဦး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်စည်းရုံးရေးကော်မတီသို့ ပေးပို့ရမည်။

၄၁။ ပါတီကော်မတီအဆင့်ဆင့်သည် ရောက်ရှိလာသော ပါတီဝင်အဆိုပြုလွှာများကို စိစစ်ပြီးနောက် ပါတီဝင်အဆိုပြုလွှာအဝင် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီး ဗဟိုကော်မတီဌာနချုပ်ရုံးသို့ စာရင်းနှင့်တကွ အမြန်ဆုံး တင်ပို့ပေးရမည်။

၄၂။ ပါတီဗဟိုကော်မတီဌာနချုပ်ရုံးသို့ ရောက်ရှိလာသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေး ပေးသွင်းပြီးသည့် ပါတီဝင်အဆိုပြုလျှောက်ထားလွှာများကို သက်ဆိုင်ရာ တာဝန်ခံများက လိုအပ်သလိုစိစစ်ပြီးနောက် ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ညီညွတ်သူများကို ပါတီဝင်များအဖြစ် လက်ခံရမည်ဖြစ်ပြီး ပါတီဝင်မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားရမည်။

၄၃။ ပါတီဝင်မှတ်ပုံတင်စာရင်းတွင် ပါဝင်ပြီးဖြစ်သော ပါတီဝင်များကို ပါတီဝင်ကတ်ပြားများ ပြုလုပ်ပေးပြီးနောက် ကော်မတီအဆင့်ဆင့်မှတစ်ဆင့် ပါတီဝင်အဆိုပြုလျှောက်ထားသူများထံသို့ အမြန်ဆုံး ပေးပို့ပေးရမည်။

၄၄။ ပါတီဝင်တစ်ဦးသည် အကြောင်းတစ်ရပ်ရပ်ကြောင့် ပါတီဝင်အဖြစ်မှ နှုတ်ထွက်လိုလျှင်သော်လည်းကောင်း၊ ပါတီတာဝန်မှ နှုတ်ထွက်လိုလျှင်သော်လည်းကောင်း သက်ဆိုင်ရာ စည်းရုံးရေးကော်မတီသို့ နှုတ်ထွက်လွှာတင်သွင်းခြင်းအားဖြင့် ဆန္ဒအလျောက် နှုတ်ထွက်ခွင့် ရှိသည်။

၄၅။ ပါတီသည် ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီတာဝန်မှလည်းကောင်း ရပ်စဲရန်အကြောင်း ဖြစ်ပေါ်ပါက
(က) ပါတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုခြင်း
(ခ) ပါတီတာဝန်မှ နှုတ်ထွက်ခွင့်ပြုခြင်း
(ဂ) ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း နှင့်

(ဃ) ပါတီတာဝန်မှ နုတ်ပယ်ခြင်း

ဟူသော နည်းလမ်းများ ကျင့်သုံး၍ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်သည်။

၄၆။ ပါတီဝင်တစ်ဦးသည်

(က) ပါတီ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသည့် အပြုအမူတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) ပါတီ ပျက်စီးရာပျက်စီးကြောင်း ပြောဆိုပြုမူခြင်း၊

(ဂ) အကျင့်စာရိတ္တ ပျက်ပြားခြင်း၊

(ဃ) စိတ်ပေါ့ပျက် ရူးသွပ်သွားခြင်း၊

(င) ပြစ်မှုတစ်စုံတရာကြောင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(စ) အခြားနိုင်ငံရေးပါတီတစ်ခုခုသို့ ဆက်သွယ်ဝင်ရောက်သွားခြင်း၊

(ဆ) ပါတီစည်းမျဉ်းစည်းကမ်းများနှင့် ပါတီကော်မတီအဆင့်ဆင့်မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို ချိုးဖောက်ခြင်း

ဟူသည့် အချက်များအနက် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပေါ်ပေါက်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုစည်းရုံးရေးကော်မတီမှ သိရှိလျှင် ထိုပါတီဝင်အား (အချက် ဃ မှလွဲ၍) မှန်ကန်မှုရှိမရှိ ရှင်းလင်းခွင့်\ပေးရမည်ဖြစ်ပြီး၊ မှန်ကန်ကြောင်း တွေ့ရှိပါက ထိုပါတီဝင်အား ပါတီဝင်အဖြစ်မှ ရပ်စဲသင့်ကြောင်း သက်ဆိုင်ရာ မြို့နယ်စည်းရုံးရေးကော်မတီသို့ တင်ပြရမည်။

၄၇။ သက်ဆိုင်ရာ မြို့နယ်စည်းရုံးရေးကော်မတီသည် ရပ်ကွက်/ကျေးရွာအုပ်စုစည်းရုံးရေးကော်မတီ၏ တင်ပြချက်ကို ထပ်မံစိစစ်ရမည်ဖြစ်ပြီး မှန်ကန်ကြောင်း တွေ့ရှိပါက ထိုပါတီဝင်အား ပါတီဝင်အဖြစ်မှ ရပ်စဲရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုစည်းရုံးရေးကော်မတီသို့ ဆုံးဖြတ်ချက်ပေးပို့ရမည်။ ထိုဆုံးဖြတ်ချက်ရရှိလျှင် ရပ်ကွက်/ကျေးရွာအုပ်စုစည်းရုံးရေးကော်မတီသည် ထိုပါတီဝင်ထံသို့ ပါတီဝင်အဖြစ်မှ မည်သည့် အကြောင်းကြောင့် ရပ်စဲခြင်းဖြစ်ကြောင်း ဖော်ပြချက်ပါစာဖြင့် အကြောင်းကြားရမည်။

၄၈။ ပါတီဝင်တစ်ဦးဦးအား ပါတီဝင်အဖြစ်မှ ဆန္ဒအလျောက် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ ပါတီစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သဖြင့် ပါတီဝင်အဖြစ်မှ ရပ်စဲလျှင်ဖြစ်စေ ထိုနုတ်ထွက်သူ၊ ရပ်စဲပြီးသူ ပါတီဝင်၏ အမည်ကို ပါတီဝင်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်သို့ စာဖြင့် တင်ပြအကြောင်းကြားရမည်။

၄၉။ ပါတီဝင်တစ်ဦးဦးသည် ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းခံရသည်ကို ကျေနပ်မှုမရှိပါက ရပ်ကွက်/ကျေးရွာအုပ်စုစည်းရုံးရေးကော်မတီထံမှ ပါတီဝင်အဖြစ်မှ ရပ်စဲကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့မှစ၍ ရေတွက်ပါက ရက်ပေါင်း ၆၀ အတွင်း ခရိုင်စည်းရုံးရေးကော်မတီသို့ ထုချေရှင်းလင်း တင်ပြခွင့်ရှိသည်။ ထို့ပြင် ပါတီကော်မတီအဆင့်ဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် ထုချေရှင်းလင်း တင်ပြခွင့်ရှိသည်။

၅၀။ (က) ပါတီဝင်အဖြစ်မှ ရပ်စဲကြောင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အပြီးသတ် ဆုံးဖြတ်ခြင်းခံရသည့် ပါတီဝင်သည် ပါတီသို့ ပြန်လည်ဝင်ရောက်ခွင့် မရှိ။

(ခ) မိမိဆန္ဒအလျောက် နုတ်ထွက်ထားသူသည် ပါတီသို့ ပြန်လည် ဝင်ရောက်လိုကြောင်း လျှောက်ထားခွင့်ရှိသည်။

## အခန်း ( ၁၁ )
## ပါတီဖွဲ့စည်းတည်ဆောက်ပုံ

၅၁။ ပါတီသည် ချမှတ်ထားသော မူဝါဒသဘောထား လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင်

(က) နိုင်ငံလုံးဆိုင်ရာညီလာခံကော်မတီ

(ခ) ဗဟိုကော်မတီနှင့် ရေးရာကော်မတီများ

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၅၂။ ပါတီသည် အောက်မြန်မာပြည်/အထက်မြန်မာပြည်အဆင့် အဖွဲ့အစည်းများကို

(က) အောက်မြန်မာပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေကော်မတီနှင့် ရေးရာကော်မတီ

(ခ) အောက်မြန်မာပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေအလုပ်အမှုဆောင်ကော်မတီ

ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၅၃။ ပါတီသည် တိုင်း(တိုင်းဒေသကြီး)၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဆင့် အဖွဲ့အစည်းများကို

(က) တိုင်း(တိုင်းဒေသကြီး) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ပြည်နယ်ညီလာခံကော်မတီ

(ခ) တိုင်း(တိုင်းဒေသကြီး)သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ပြည်နယ်ကော်မတီ နှင့် ရေးရာကော်မတီများ

(ဂ) တိုင်း(တိုင်းဒေသကြီး)သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ပြည်နယ်အလုပ်အမှုဆောင်ကော်မတီ

ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၅၄။ ပါတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်အဆင့် အဖွဲ့အစည်းများကို

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ညီလာခံကော်မတီ

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီနှင့် ရေးရာကော်မတီ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အလုပ်အမှုဆောင်ကော်မတီ

ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၅၅။ ပါတီသည် မြို့နယ်အဆင့် အဖွဲ့အစည်းများကို

(က) မြို့နယ်ညီလာခံကော်မတီ

(ခ) မြို့နယ်ကော်မတီနှင့် ရေးရာကော်မတီ

(ဂ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ

ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၅၆။ ပါတီသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်ဆင့် အဖွဲ့အစည်းများကို

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မတီနှင့် ရေးရာကော်မတီ

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မတီ

ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၅၇။ ပါတီသည် ရပ်ကွက်အတွင်းရှိ အပိုင်း၊ လမ်း၊ နယ်မြေနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် အဖွဲ့ဝင်အရေအတွက် အနည်းဆုံး (၅)ဦး ပါဝင်သော အောင်နိုင်ရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သည်။

၅၈။ ပါတီသည် ပါတီဝင်အင်အား စုဆောင်းခြင်းကို စနစ်တကျ ဆောင်ရွက်နိုင်ရန် စည်းရုံးရေးမှူးများကို

(က) ဗဟိုအဆင့် စည်းရုံးရေးမှူး

(ခ) အောက်မြန်မာပြည်၊ အထက်မြန်မာပြည်နှင့် ပြည်ထောင်စုနယ်မြေအဆင့် စည်းရုံးရေးမှူး

(ဂ) တိုင်း(တိုင်းဒေသကြီး)၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဆင့် စည်းရုံးရေးမှူး

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်အဆင့် စည်းရုံးရေးမှူး

(င) မြို့နယ်အဆင့် စည်းရုံးရေးမှူး

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် စည်းရုံးရေးမှူး

တို့ကို ဗဟိုမှ တိုက်ရိုက်တာဝန်ပေးအပ်သည့်စနစ်ဖြင့် တာဝန်ခွဲဝေအပ်နှင်း ဆောင်ရွက်သည်။

၅၉။ ပါတီသည်ပါတီဝင်အင်အား စုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသော စည်းရုံးရေးမှူးများကို အဆင့်ဆင့် စနစ်တကျ ကြပ်မတ်ကွပ်ကဲနိုင်ရန်

(က) ဗဟိုစည်းရုံးရေးကော်မတီ
(ခ) အောက်မြန်မာပြည်၊ အထက်မြန်မာပြည်နှင့် ပြည်ထောင်စုနယ်မြေစည်းရုံးရေးကော်မတီ
(ဂ) တိုင်း(တိုင်းဒေသကြီး)၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစည်းရုံးရေးကော်မတီ
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စည်းရုံးရေးကော်မတီ
(င) မြို့နယ်စည်းရုံးရေးကော်မတီ
(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစည်းရုံးရေးကော်မတီ

တို့ကို ကော်မတီဝင်အရေအတွက် အနည်းဆုံး (၅)ဦး ပါဝင်သော စည်းရုံးရေးကော်မတီများကို စနစ်တကျ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

၆၀။ ပါတီ၏ မူဝါဒလုပ်ငန်းစဉ်များကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိ လက်ခံလာစေရေး အတွက်လည်းကောင်း၊ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီကိုယ်စားပြုကိုယ်စားလှယ် များ အောင်နိုင်ရေးအတွက်လည်းကောင်း

(က) ဗဟိုအောင်နိုင်ရေးကော်မတီ
(ခ) အောက်မြန်မာပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေအောင်နိုင်ရေးကော်မတီ
(ဂ) တိုင်း(တိုင်းဒေသကြီး) ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအောင်နိုင်ရေးကော်မတီ
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်အောင်နိုင်ရေးကော်မတီ
(င) မြို့နယ်အောင်နိုင်ရေးကော်မတီ
(စ) မြို့နယ်ခွဲ/မြို့/တိုက်နယ်/နယ်မြေအောင်နိုင်ရေးကော်မတီ
(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအောင်နိုင်ရေးကော်မတီ
(ဇ) လမ်း/အပိုင်း သို့မဟုတ် ကျေးရွာအောင်နိုင်ရေးကော်မတီ

တို့ကို ကော်မတီဝင်အရေအတွက် အနည်းဆုံး (၅)ဦး ပါဝင်သော ပါတီအောင်နိုင်ရေးကော်မတီများကို စနစ်တကျ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သည်။

## အခန်း ( ၁၂ )
## ပါတီရေးရာလုပ်ငန်းစဉ်များ

၆၁။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအပါအဝင် အလုပ်အမှုဆောင်ကော်မတီအဆင့်ဆင့်၏ ပါတီရေးရာ တာဝန်များမှာ

(က) ပါတီ၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်၊ တာဝန်နှင့် ဝတ္တရားများကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံဒေသအသီးသီးတွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် အချိန်အခါအရ လိုအပ်ချက်များအပေါ်တွင် အံဝင်ခွင်ကျ အကောင်အထည်ဖော်ရေးအတွက် ဦးဆောင်ဦးရွက် ပြုရန်၊
(ခ) အဆင့်ဆင့်သော အထက်အဖွဲ့အစည်းများက အဆင့်ဆင့်သော အောက်အဖွဲ့အစည်းများကို သဘောထားပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်၊
(ဂ) အဆင့်ဆင့်သော အောက်အဖွဲ့အစည်းများက အဆင့်ဆင့်သော အထက် အဖွဲ့အစည်းများသို့ အစီရင်ခံခြင်း၊ လိုအပ်သလိုလမ်းညွှန်ချက် တောင်းခံခြင်းနှင့် အကြံဉာဏ်ပေးချက် တောင်းခံရယူခြင်း ပြုလုပ်ရန်၊
(ဃ) ပါတီဝင်များ၏ လုပ်အားဖြင့်လည်းကောင်း၊ အတတ်ပညာဖြင့်လည်းကောင်း၊ ငွေအားဖြင့်လည်းကောင်း ပါတီရန်ပုံငွေ ရရှိနိုင်မည့် နည်းလမ်းများကို ကျင့်သုံး၍ ရန်ပုံငွေလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများကို ထူထောင်ဆောင်ရွက်ရန်၊

(င) အဆင့်ဆင့်သော အလုပ်အမှုဆောင်ကော်မတီများသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီက တရားဝင် သတ်မှတ်ပေးထားသော ဘဏ္ဍာရေးနှင့် ငွေစာရင်းဆိုင်ရာ မူဘောင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ကျခံသုံးစွဲခြင်းများ ပြုလုပ်ရန်၊

(စ) အဆင့်ဆင့်သော အလုပ်အမှုဆောင်ကော်မတီများသည် ပါတီအင်အား စုဆောင်းခြင်းလုပ်ငန်းများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက တရားဝင်သတ်မှတ်ပေးထားသော မူဘောင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စုဆောင်းခြင်း၊ စည်းရုံးရေးမှူးအင်အားစာရင်း ပါတီဝင်အင်အားစာရင်းတို့ကို စနစ်တကျ ပြုစုထားရှိရေးအတွက် ကြပ်မတ်ကွပ်ကဲရန်၊

(ဆ) ပါတီအလုပ်အမှုဆောင်ကော်မတီအသီးသီး၏ သက်တမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွှတ်တော်သက်တမ်းများနှင့်အညီ သတ်မှတ်ရန်

တို့ဖြစ်ပါသည်။

## အခန်း ( ၁၃ )
## ခေါင်းဆောင်မှု

၆၂။ ပါတီခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင် နှစ်ဦးကို ပါတီတည်ထောင်သူများ စုံညီအစည်းအဝေးမှ ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်သည်။

၆၃။ ပါတီခေါင်းဆောင်သည် ပါတီဥက္ကဋ္ဌဖြစ်ပြီး ဒုတိယခေါင်းဆောင်သည် ပါတီဒုတိယဥက္ကဋ္ဌ ဖြစ်သည်။

၆၄။ ပါတီဥက္ကဋ္ဌသည် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌတာဝန်နှင့် ပါတီဗဟိုကော်မတီ ဥက္ကဋ္ဌတာဝန်ကိုပါ ဆောင်ရွက်သည်။

၆၅။ ပါတီဒုတိယဥက္ကဋ္ဌသည် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌတာဝန်နှင့် ပါတီဗဟိုကော်မတီဒုတိယဥက္ကဋ္ဌတာဝန်ကိုပါ ဆောင်ရွက်သည်။

၆၆။ ပါတီဥက္ကဋ္ဌသည် ပါတီရေးရာကိစ္စအဝဝ၏ တာဝန်ခံ ဖြစ်သည်။

၆၇။ ပါတီဒုတိယဥက္ကဋ္ဌသည် ပါတီရေးရာကိစ္စအဝဝ၏ ဒုတိယတာဝန်ခံ ဖြစ်သည်။

၆၈။ ပါတီအထွေထွေအတွင်းရေးမှူးသည် ပါတီ၏ ပုံမှန်လုပ်ငန်းကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ခံ ဖြစ်သည်။

၆၉။ ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူးသည် ပါတီ၏ ပုံမှန်လုပ်ငန်းကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒုတိယတာဝန်ခံ ဖြစ်သည်။

၇၀။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ဗဟိုဌာနများတွင် တာဝန်ခံများအဖြစ်လည်းကောင်း၊ နယ်မြေများတွင် သတ်မှတ်ထားသည့် နယ်မြေ(တိုင်း/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း)တာဝန်ခံများအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၇၁။ ဗဟိုကော်မတီဝင်များသည် ဗဟိုရေးရာကော်မတီများတွင် တာဝန်ခံများအဖြစ်လည်းကောင်း၊ သတ်မှတ်ထားသည့် နယ်မြေ(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်)တာဝန်ခံများအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၇၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အလုပ်အမှုဆောင်ကော်မတီဝင်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရေးရာကော်မတီများတွင် တာဝန်ခံများအဖြစ်လည်းကောင်း၊သတ်မှတ်ထားသည့် နယ်မြေ(မြို့နယ်)တာဝန်ခံများအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၇၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်အလုပ်အမှုဆောင်ကော်မတီဝင်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/

ခရိုင်ရေးရာကော်မတီများတွင် တာဝန်ခံများအဖြစ်လည်းကောင်း၊ သတ်မှတ်ထားသည့် နယ်မြေ(ရဲစခန်းတစ်ပိုင်ဧရိယာ)တာဝန်ခံများအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၇၄။ မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များသည် မြို့နယ်ရေးရာကော်မတီများတွင် တာဝန်ခံများအဖြစ်လည်းကောင်း၊ သတ်မှတ်ထားသည့် နယ်မြေ(ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု)တာဝန်ခံများအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

၇၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေးရာကော်မတီများတွင် တာဝန်ခံများအဖြစ်လည်းကောင်း၊ သတ်မှတ်ထားသည့် နယ်မြေ(အပိုင်း/လမ်း/ကျေးရွာ)တာဝန်ခံများအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။

## အခန်း ( ၁၄ )
## ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီ နှင့် နိုင်ငံလုံးဆိုင်ရာညီလာခံကော်မတီ

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

၇၆။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို

(က) ဥက္ကဋ္ဌ
(ခ) ဒုတိယဥက္ကဋ္ဌ
(ဂ) အထွေထွေအတွင်းရေးမှူး
(ဃ) တွဲဖက်အထွေထွေအတွင်းရေးမှူး
(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ
(စ) ဘဏ္ဍာရေးတာဝန်ခံ(၁)
(ဆ) ဘဏ္ဍာရေးတာဝန်ခံ(၂)
(ဇ) စာရင်းစစ်တာဝန်ခံ(၁)
(ဈ) စာရင်းစစ်တာဝန်ခံ(၂)
(ည) ရုံးအဖွဲ့တာဝန်ခံ(၁)
(ဋ) ရုံးအဖွဲ့တာဝန်ခံ(၂)

တို့ဖြင့် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သည်။

**ဗဟိုကော်မတီ**

၇၇။ ပါတီဗဟိုကော်မတီကို

(က) ဥက္ကဋ္ဌ
(ခ) ဒုတိယဥက္ကဋ္ဌ
(ဂ) အထွေထွေအတွင်းရေးမှူး
(ဃ) တွဲဖက်အထွေထွေအတွင်းရေးမှူး
(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ
(စ) ဘဏ္ဍာရေးတာဝန်ခံ(၁)
(ဆ) ဘဏ္ဍာရေးတာဝန်ခံ(၂)
(ဇ) စာရင်းစစ်တာဝန်ခံ(၁)
(ဈ) စာရင်းစစ်တာဝန်ခံ(၂)
(ည) ရုံးအဖွဲ့တာဝန်ခံ(၁)
(ဋ) ရုံးအဖွဲ့တာဝန်ခံ(၂)

(ဍ) ဗဟိုကော်မတီဝင်များ
(ဎ) အတွင်းရေးမှူး(၁)
(ဏ) အတွင်းရေးမှူး(၂)
(ဏ) အတွင်းရေးမှူး(၃)
တို့ဖြင့် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သည်။

၇၈။ ပါတီသည် နိုင်ငံလုံးဆိုင်ရာညီလာခံကော်မတီကို
(က) အလုပ်သမားကြီးသဘာပတိအဖွဲ့ဝင်များ
(ခ) ပါတီဝင်ဦးရေအလျောက် ရွေးချယ်သည့် ကိုယ်စားလှယ်များ
(ဂ) နယ်မြေဒေသအလျောက် ရွေးချယ်သည့် ကိုယ်စားလှယ်များ
(ဃ) ဗဟိုကော်မတီဝင်များ
(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ
ဖြင့် ဖွဲ့စည်းဆောင်ရွက်သည်။

## အခန်း ( ၁၅ )
## တာဝန်ပေးအပ်ခြင်းနှင့်ရွေးကောက်တင်မြှောက်ခြင်း

၇၉။ ပါတီသည် အဆင့်ဆင့်သော ပါတီတာဝန်ရှိပုဂ္ဂိုလ်များ ရွေးချယ်တာဝန်ပေးအပ်ခြင်းနှင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းများ ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့ကို စနစ်တကျ ပြုလုပ်နိုင်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရွေးချယ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်သည်။

၈၀။ ပါတီသည်
(က) ဗဟိုနှင့် အဆင့်ဆင့်သော ညီလာခံကော်မတီဝင်များ
(ခ) ဗဟိုနှင့် အဆင့်ဆင့်သော ဒေသဆိုင်ရာကော်မတီဝင်များ
(ဂ) ဗဟိုနှင့် အဆင့်ဆင့်သော ဒေသဆိုင်ရာရေးရာကော်မတီဝင်များ
(ဃ) ဗဟိုနှင့် အဆင့်ဆင့်သော အလုပ်အမှုဆောင်ကော်မတီဝင်များ
ကို ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် တာဝန်ပေးအပ်သည်။

၈၁။ ပါတီသည် ဗဟိုနှင့် အဆင့်ဆင့်သော စည်းရုံးရေးကော်မတီဝင်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ဗဟိုဦးစီးစနစ်ဖြင့် တိုက်ရိုက် ရွေးချယ်တာဝန်ပေးအပ်သည်။

## အခန်း ( ၁၆ )
## အစည်းအဝေးများ

၈၂။ ပါတီသည် အဆင့်ဆင့်သော အဖွဲ့အစည်းများ၏ ပုံမှန်အစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးများ၊ အထူးအစည်းအဝေးများကို အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ကျင်းပပြုလုပ်သည်။

၈၃။ ပါတီသည် ပါတီ၏ ပုံမှန်အစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် လုပ်ငန်းဆိုင်ရာအစည်းအဝေးများကို စနစ်တကျ ကျင်းပပြုလုပ်နိုင်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လမ်းညွှန်မှုကို ခံယူဆောင်ရွက်သည်။

၈၄။ ပါတီသည် ဗဟိုမှ အောက်ခြေအထိ ရေးရာကော်မတီများနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အနီးစပ်ဆုံး ဗဟိုကော်မတီအစည်းအဝေး၏ အတည်ပြုချက်နှင့် အနီးစပ်ဆုံး နိုင်ငံလုံးဆိုင်ရာညီလာခံကော်မတီအစည်းအဝေးတို့၏ သဘောတူညီချက်ဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက ဆောင်ရွက်သည်။

## အခန်း ( ၁၇ )
## ရုံးလုပ်ငန်း

၈၅။ ပါတီသည် ပါတီနှင့်သက်ဆိုင်သော ယန္တရားများ ပုံမှန်လည်ပတ်ရေးကို စီမံဆောင်ရွက်နိုင်ရန်

(က) ဗဟိုကော်မတီဌာနချုပ်ရုံးအဖွဲ့

(ခ) အောက်မြန်မာပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေရုံးအဖွဲ့

(ဂ) တိုင်း(တိုင်းဒေသကြီး)၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံးအဖွဲ့

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ရုံးအဖွဲ့

(င) မြို့နယ်ရုံးအဖွဲ့

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရုံးအဖွဲ့

တို့ကို အဖွဲ့ဝင်အရေအတွက် အနည်းဆုံး (၃)ဦး ပါဝင်သော ပါတီရုံးအဖွဲ့များကို အဆင့်ဆင့် စနစ်တကျဖွဲ့စည်းဆောင်ရွက်သည်။

၈၆။ သက်ဆိုင်ရာ မြို့နယ်စည်းရုံးရေးကော်မတီသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်လက်ခံပြီးဖြစ်သော ပါတီဝင်အဆိုပြုလွှာများကို

(က) မြို့နယ်အင်အားစာရင်းတွင် ထည့်သွင်းမှတ်ပုံတင်ခြင်း နှင့်

(ခ) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအင်အားစာရင်တွင် ထည့်သွင်းမှတ်ပုံတင်ခြင်း

တို့ကို ပြုလုပ်ပြီးနောက် သက်ဆိုင်ရာ ခရိုင်စည်းရုံးရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီဌာနချုပ်ရုံးသို့ အစီရင်ခံရမည်။

၈၇။ သက်ဆိုင်ရာ မြို့နယ်စည်းရုံးရေးကော်မတီသည် ပါတီဝင်အင်အား တိုးချဲ့စည်းရုံးနိုင်မှုနှင့်ပတ်သက်၍ အပတ်စဉ် ပုံမှန်အစည်းအဝေးများတွင် အတည်ပြုမှတ်တမ်းတင်ထားရှိပြီးနောက် သက်ဆိုင်ရာ ခရိုင်စည်းရုံးရေးကော်မတီသို့ ပေးပို့အစီရင်ခံရမည်။

၈၈။ သက်ဆိုင်ရာ မြို့နယ်စည်းရုံးရေးကော်မတီများသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံရရှိပြီးသော ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးနှင့် အလှူငွေများကို သက်ဆိုင်ရာ ငွေစာရင်းတွင် စာရင်းသွင်းပြီးနောက် သက်ဆိုင်ရာ ခရိုင်စည်းရုံးရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီဌာနချုပ်ရုံးသို့ အစီရင်ခံရမည်။

၈၉။ သက်ဆိုင်ရာ ခရိုင်စည်းရုံးရေးကော်မတီသည် မြို့နယ်စည်းရုံးရေးကော်မတီများ၏ ပါတီဝင်အင်အားနှင့်ပတ်သက်သည့် အစီရင်ခံစာများ၊ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးနှင့် အလှူငွေ ကောက်ခံရရှိမှုဆိုင်ရာ အစီရင်ခံစာများကို အပတ်စဉ် ပုံမှန်အစည်းအဝေးများတွင် အတည်ပြုမှတ်တမ်းတင်ထားရှိပြီးနောက် သက်ဆိုင်ရာ ခရိုင်တာဝန်ခံမှတစ်ဆင့် ဗဟိုကော်မတီဌာနချုပ်ရုံးသို့သော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်း/ပြည်နယ်စည်းရုံးရေးကော်မတီသို့ တိုက်ရိုက်ပေးပို့၍သော်လည်းကောင်း အစီရင်ခံရမည်။

၉၀။ သက်ဆိုင်ရာ တိုင်း/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစည်းရုံးရေးကော်မတီသည် ခရိုင်စည်းရုံးရေးကော်မတီများ၏ ပါတီဝင်အင်အားနှင့်ပတ်သက်သည့် အစီရင်ခံစာများ၊ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးနှင့်အလှူငွေ ကောက်ခံရရှိမှုဆိုင်ရာ အစီရင်ခံစာများကို အပတ်စဉ် ပုံမှန်အစည်းအဝေးများတွင် အတည်ပြုမှတ်တမ်းတင်ထားရှိပြီးနောက် ဗဟိုစည်းရုံးရေးကော်မတီသို့ အစီရင်ခံရမည်။

၉၁။ ခရိုင်စည်းရုံးရေးကော်မတီနှင့် တိုင်း/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစည်းရုံးရေးကော်မတီများသည် ပါတီဝင်အင်အား တိုးချဲ့စည်းရုံးနိုင်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာတွင်

(က) မြို့နယ်အလိုက် စာရင်းသွင်း မှတ်ပုံတင်ထားရှိသည့် ပါတီဝင်အင်အားစာရင်း
(ခ) ခရိုင်အလိုက် စာရင်းသွင်း မှတ်ပုံတင်ထားရှိသည့် ပါတီဝင်အင်အားစာရင်း
(ဂ) တိုင်း/ပြည်နယ်အလိုက် စာရင်းသွင်း မှတ်ပုံတင်ထားရှိသည့် ပါတီဝင်အင်အားစာရင်း

တို့ကို စနစ်တကျ ဖော်ပြပေးရမည်။

## အခန်း ( ၁၈ )
## ပါတီရန်ပုံငွေ

၉၂။ ပါတီသည် ရေရှည်ရပ်တည်နိုင်ရေးနှင့် ပါတီလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေများ ရရှိရန်
(က) ပါတီဝင်ကြေး
(ခ) ပါတီလစဉ်ကြေး
(ဂ) ပါတီဝင်များနှင့် အများပြည်သူ၏ လှူဒါန်းငွေ
(ဃ) ပါတီရန်ပုံငွေစီးပွားရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေ

ဟူသော ငွေစာရင်းခေါင်းစဉ်(၄)ခုဖြင့် စနစ်တကျ ဆောင်ရွက်ထားရှိရမည်။

၉၃။ ပါတီသည် ပါတီလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးအတွက် ကျခံသုံးစွဲသော ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ငန်းများကို ကြပ်မတ်ကွပ်ကဲရန်
(က) ဗဟိုငွေစာရင်းကော်မတီ
(ခ) အောက်မြန်ပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေငွေစာရင်းကော်မတီ
(ဂ) တိုင်း(တိုင်းဒေသကြီး)/ပြည်နယ်ငွေစာရင်းကော်မတီ
(ဃ) ခရိုင်ငွေစာရင်းကော်မတီ
(င) မြို့နယ်ငွေစာရင်းကော်မတီ
(စ) ရပ်ကွက်/ကျေးရွာအုပ်စုငွေစာရင်းကော်မတီ

တို့ကို ကော်မတီဝင်အရေအတွက် အနည်းဆုံး (၃)ဦး ပါဝင်သော ပါတီငွေစာရင်းကော်မတီများကို စနစ်တကျ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၉၄။ ပါတီရန်ပုံငွေ တိုးတက်ရရှိရေးအတွက် ပါတီရန်ပုံငွေစီးပွားရေးလုပ်ငန်းများ ထူထောင်ဆောင်ရွက်နိုင်ရန် ပါတီရန်ပုံငွေစီးပွားရေးကော်မတီများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည်။

## အခန်း ( ၁၉ )
## ပါတီစည်းကမ်းထိန်းသိမ်းရေးနှင့်ပါတီလုပ်ငန်းစစ်ဆေးရေး

၉၅။ ပါတီသည် ချမှတ်ထားသော မူဝါဒ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဆင့်ဆင့်သော ပါတီ၏ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်နာရန် သတ်မှတ်ပေးထားသော စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရေးကို ကြပ်မတ်ကွပ်ကဲရန်
(က) ဗဟိုစည်းကမ်းထိန်းသိမ်းရေးကော်မတီ
(ခ) အောက်မြန်မာပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေ စည်းကမ်းထိန်းသိမ်းရေးကော်မတီ
(ဂ) တိုင်း(တိုင်းဒေသကြီး)/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(င) မြို့နယ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(စ) ရပ်ကွက်/ကျေးရွာအုပ်စုစည်းကမ်းထိန်းသိမ်းရေးကော်မတီ

တို့ကို ကော်မတီဝင်အရေအတွက် အနည်းဆုံး (၃)ဦး ပါဝင်သော ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၉၆။ ပါတီမူဝါဒ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဆင့်ဆင့်သော ကော်မတီများသည် စာရင်းဇယားများ၊ ငွေစာရင်း၊ ပါတီဝင်အင်အားစာရင်းများကို စနစ်တကျ ပြုစုထားရှိရမည်ဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်မှုများကို လိုအပ်သလို စစ်ဆေးကြပ်မတ်ပေးရန်

(က) ဗဟိုလုပ်ငန်းစစ်ဆေးရေးကော်မတီ

(ခ) အောက်မြန်မာပြည်/အထက်မြန်မာပြည်/ပြည်ထောင်စုနယ်မြေလုပ်ငန်းစစ်ဆေးရေးကော်မတီ

(ခ) တိုင်း(တိုင်းဒေသကြီး)/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းလုပ်ငန်းစစ်ဆေးရေးကော်မတီ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်လုပ်ငန်းစစ်ဆေးရေးကော်မတီ

(ဃ) မြို့နယ်လုပ်ငန်းစစ်ဆေးရေးကော်မတီ

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလုပ်ငန်းစစ်ဆေးရေးကော်မတီ

တို့ကို ကော်မတီဝင်အရေအတွက် အနည်းဆုံး (၃)ဦး ပါဝင်သော ပါတီလုပ်ငန်းစစ်ဆေးရေးကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

## အခန်း ( ၂၀ )
## စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း

၉၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီတွင်းရွေးကောက်ပွဲများဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပါတီ၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို သတ်မှတ်ပေးရမည်။

၉၈။ ပါတီသည် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ပါတီမူဝါဒ လုပ်ငန်းစဉ်တို့နှင့်ပတ်သက်၍ ကွဲပြားခြားနားသော သဘောထားများ ဖြစ်ပေါ်လာပါက ဝေါဟာရဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ လုပ်ပိုင်ခွင့် အပ်နှင်းဆောင်ရွက်ရမည်။

## အခန်း ( ၂၁ )
## ပါတီအလံ၊ တံဆိပ်၊ ဆိုင်းဘုတ်နှင့် ဗဟိုကော်မတီဌာနချုပ်တည်နေရာ

၉၉။ ပါတီ၏ အလံအရွယ်အစားများမှာ

(က) အလျား(၉)ပေ၊ အနံ(၅)ပေအရွယ် အလံကြီး

(ခ) အလျား(၅)ပေ၊ အနံ(၃)ပေအရွယ် အလံလတ်

(ဂ) အလျား(၁၅)လက်မ၊ အနံ(၉)လက်မအရွယ် အလံငယ်

စသည်ဖြင့်လည်းကောင်း၊ အခြေအနေအပေါ်မူတည်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီက သင့်လျော်သလို သတ်မှတ်ပေးသော အရွယ်အစားဖြင့်လည်းကောင်း ပြုလုပ်အသုံးပြုရန် သတ်မှတ်သည်။

၁၀၀။ ပါတီအလံသည် အနီရောင်အောက်ခံပေါ်တွင် အဝါရောင်ခွပ်ဒေါင်းနှင့် အဝါရောင်စက်ဝိုင်း(သံကွင်း)တို့ ပါရှိသည်။ အလံ၏ အလယ်ရှိ အဝါရောင်စက်ဝိုင်းအတွင်းမှ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံဖြင့် ဖော်ကျူးထားသည်။

၁၀၁။ ပါတီအလံတွင် ပါရှိသည့် အနီရောင်အောက်ခံမှာ ရဲစိတ်ရဲမာန် ထက်သန်ခြင်း သဘောကို ဆောင်သည်။ အဝါရောင်စက်ဝိုင်း(သံကွင်း)အတွင်းမှ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့်ဟန်ရှိသည့် ခွပ်ဒေါင်းသင်္ကေတတို့မှာ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွား၊ အမျိုး ဘာသာ သာသနာ၊ ဒီမိုကရေစီနှင့် လူ့အခွင့်

အရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် လုပ်ဆောင်ချက်များကို တွန်းလှန် တိုက်ဖျက် တိုက်ခိုက် ချေမှုန်းရာတွင် လိုအပ်ပါက အသေခံပြီး လုပ်ဆောင်မည် ဟူသော သဘောအဓိပ္ပါယ်ကို ဆောင်သည်။

၁၀၂။ ပါတီတံဆိပ်/ပါတီသင်္ကေတ/ပါတီရင်ထိုးသည် အနီရောင်အောက်ခံပေါ်တွင် အဝါရောင်ခွပ်ဒေါင်းနှင့် အဝါရောင်စက်ဝိုင်း(သံကွင်း)တို့ ပါရှိသည်။ အလံ၏အလယ်ရှိ အဝါရောင်စက်ဝိုင်းအတွင်းမှ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံဖြင့် ဖော်ကျူးထားသည်။

၁၀၃။ ပါတီဆိုင်းဘုတ်များသည် အောက်ခံအနီရောင်ပေါ်တွင် အဖြူရောင်စာလုံးဝိုင်းဖြင့်
''၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)
**THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR)''**
ဟူသော မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် စာတန်း(၂)တန်း ဖော်ပြထားသည့်အပြင် သက်ဆိုင်ရာ အဖွဲ့ခွဲ၏အမည်တို့ ပါရှိသည်။

၁၀၄။ ပါတီဆိုင်းဘုတ်များကို
(က) ဗဟိုကော်မတီဌာနချုပ်၊ အောက်မြန်မာပြည်ဌာနချုပ်၊ အထက်မြန်မာပြည်ဌာနချုပ်၊ ပြည်ထောင်စုနယ်မြေ ဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသကြီး၊ ပြည်ထောင်စုနယ်မြေ အဖွဲ့ခွဲများအတွက် အလျား (၁၀)ပေ၊ အနံ(၃.၇၅)ပေ အရွယ်အစား နှင့်
(ခ) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဖွဲ့ခွဲများအတွက် အလျား(၈)ပေ၊ အနံ(၃)ပေ အရွယ်အစား

တို့ဖြင့်လည်းကောင်း၊ အခြေအနေအပေါ်မူတည်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီက သင့်လျော်သလို သတ်မှတ်ပေးသော အရွယ်အစားဖြင့်လည်းကောင်း ပြုလုပ်အသုံးပြုရန် သတ်မှတ်သည်။

၁၀၅။ ပါတီဗဟိုကော်မတီဌာနချုပ်ရုံးသည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းဒေါင့်၊ ပုလဲကွန်ဒိုမီနီယံ၊ တိုက်( F )၊ အခန်းအမှတ်(၃၀၁)တွင် တည်ရှိသည်။

## အခန်း ( ၂၂ )
## ပါတီဆောင်ပုဒ်

၁၀၆။ ပါတီမှ လက်ကိုင်ထားသည့် ဆောင်ပုဒ်မှာ
''ခွပ်ဒေါင်းအားမာန် မြဲရှင်သန် ရရန်မလွဲ ဒို့အောင်ပွဲ''
ဖြစ်သည်။

## အခန်း ( ၂၃ )
## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ခြင်း

၁၀၇။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအားလည်းကောင်း၊ ပါတီမူဝါဒသဘောထားအားလည်းကောင်း၊ အထိမ်းအမှတ်အလံနှင့် တံဆိပ်တို့အားလည်းကောင်း
(က) ပြောင်းလဲခြင်း
(ခ) ပြင်ဆင်ခြင်း
(ဂ) အစားထိုးခြင်း
(ဃ) ဖြည့်စွက်ခြင်း
(င) ဖျက်သိမ်းခြင်း

တို့ကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက လိုအပ်သလို ဆောင်ရွက်ရာ၌ အနီးစပ်ဆုံး ဗဟိုကော်မတီအစည်းအဝေးနှင့် နိုင်ငံလုံးဆိုင်ရာညီလာခံကော်မတီတို့တွင် အဆင့်ဆင့် တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်သည်။

## အခန်း ( ၂၄ )

## အထွေထွေ

၁၀၈။ ပါတီသည် ပါတီတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးမြောက်အောင်မြင်ခြင်းမရှိမီကာလအတွင်း ဒီမိုကရေစီ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသည်။

၁၀၉။ ပါတီသည် ပါတီတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးမြောက်အောင်မြင်၍ ပါတီလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိသည့် အချိန်တွင် ပါတီတွင်းဒီမိုကရေစီကို အပြည့်အဝ ကျင့်သုံးသည်။

၁၁၀။ ပါတီသည် လိုအပ်သော စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက သင့်လျော်သလို ထုတ်ပြန်ဆောင်ရွက်သည်။

၁၁၁။ ပါတီသည် ပါတီလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပေါ်အခြေအနေနှင့် ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့လာရပါက နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုး၊ ပါတီနှင့် ပါတီဝင်များ၏အကျိုးအတွက် ပါတီတစ်ရပ်လုံး၏ကိုယ်စား လိုအပ်သလို အရေးပေါ်ဆုံးဖြတ်ချက်များနှင့် အထူးဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ လုပ်ပိုင်ခွင့် အပ်နှင်း၍ ဆောင်ရွက်သည်။

၁၁၂။ ပါတီ၏ သန္နိဋ္ဌာန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## သန္နိဋ္ဌာန်

ကျွန်ုပ်တို့သည်

- အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လည်းကောင်း
- အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် နိုင်ငံသားတိုင်း တန်းတူရည်တူ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း
- ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက်လည်းကောင်း
- နိုင်ငံသားတိုင်း မွေးရာပါလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိသော လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ရေးအတွက်လည်းကောင်း
- ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးကို ရှေးရှု၍ အထွေထွေ ဟန့်တားနောက်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက်လည်းကောင်း
- နိုင်ငံတကာအသိုင်းအဝိုင်းအကြား၌ ဂုဏ်သိက္ခာရှိစွာ မိတ်ဝတ်မပျက် ပါဝင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း

ဤ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ကို ဖွဲ့စည်းတည်ထောင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး အပြည့်အဝရှိသည့် လူနေမှုဘဝ ဖြစ်စေရေး အလို့ငှာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြမည်ဟု သန္နိဋ္ဌာန်ပြုပါသည်။

❖❖❖ ❖❖ ❖❖❖ ❖❖ ❖❖❖

နောက်ဆက်တွဲ

## ပါတီအလံနှင့်တံဆိပ်သင်္ကေတ

ပါတီဖွဲ့စည်းပုံစည်းမျဉ်း အခန်း(၂၀)တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပါတီအလံနှင့် သင်္ကေတမှာ အောက်ပါအတိုင်းဖြစ်သည်။

### ပါတီအလံ



### ပါတီတံဆိပ်

